*J. Myanmar Acad. Arts Sci. 2022* **Vol. XX. No.2**

# အမေးဝါကျများကို စိစစ်လေ့လာခြင်း

**ထက်ထက်စိန်ဝင်း***

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာဘာသာစကားရှိ အမေးဝါကျများကို ဘာသာဗေဒရှုထောင့်မှ လေ့လာ တင်ပြထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ အမေးဝါကျတွင် အမေးစကားများသည် အရေးပါကြောင်းနှင့် အခြေခံအမေးဝါကျ(၂)မျိုးကို ဖော်ထုတ်တင်ပြထားသည်။ အမေးစကားတို့ ၏နောက်တွင်လိုက်နိုင်သော ပစ္စည်း၊ နာမ်၊ ကြိယာစကားလုံးတို့ကြောင့် အမေးနာမ်စားနှင့် အမေးအထူးပြုဟူ၍ ခွဲခြားနိုင်ကြောင်း လေ့လာတင်ပြထားပါသည်။ အမေးဝါကျတို့၏ ထူးခြား ချက်များကိုလည်း လေ့လာထားပါသည်။

**သော့ချက်ဝေါဟာရများ-** ဝါကျပုံသဏ္ဌာန်၊ အမေးဝါကျ၊ ဟုတ်/မဟုတ်မေးခွန်း၊ အမေးစကားမေးခွန်း။

## နိဒါန်း

မြန်မာဘာသာစကားရှိ အမေးဝါကျများ၏ သဘောသဘာဝများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုသောကြောင့် လေ့လာရခြင်းဖြစ်ပါသည်။ အမေးဝါကျတွင် အဓိကကျသော အမေးစကားများ၏ နေရာနှင့် အသုံးပြုပုံများကို လေ့လာထားပါသည်။ အဖြေပေါ်တွင်မူတည်၍ အမေးဝါကျများကို ဟုတ်/မဟုတ် မေးခွန်းနှင့် အမေးစကားမေးခွန်းဟူ၍ (၂)မျိုးခွဲခြားပြီး လေ့လာတင်ပြထားပါသည်။ အမေးစကားမေးခွန်းတွင် အမေးစကားတို့၏နောက်ကလိုက်သော စကားလုံးများကြောင့် ကွဲပြားသွားသော မေးခွန်းအမျိုးအစားများကို ကဏ္ဍများခွဲ၍လေ့လာထားပါသည်။ အမေးစကားများမပါသော်လည်း အမေးသဘောဖော်ပြနိုင်သောပစ္စည်းများနှင့် အမေးဝါကျပုံသဏ္ဌာန်ဖြစ်သော်လည်း အမေးသဘောမဖော်ပြသော ဝါကျများ အကြောင်းကို လေ့လာတင်ပြထားပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

ဆရာကြီးဦးဖေမောင်တင်၏ အလယ်တန်းမြန်မာသဒ္ဒါစာအုပ်တွင် "မေးခွန်းဝါကျ" ဟူသော ခေါင်းစဉ်အောက်၌ အမေးဝါကျများကို (၁) ဟုတ်၏မဟုတ်ဘူးဟူ၍ ဖြေဆိုရသောမေးခွန်းများနှင့် (၂) ဟုတ်၏ မဟုတ်ဘူးဟူ၍ မဖြေနိုင်သောမေးခွန်းများဟူ၍ (၂)မျိုးခွဲခြားဖော်ပြထားသည်။ မြန်မာသဒ္ဒါနှင့်အသုံးအနှုန်းဟူသော စာအုပ်တွင် "အမေးစကား"ဟူသော ခေါင်းစဉ်အောက်၌ အမေးနာမ်စားနှင့် အမေးနာမ ဝိသေသနများအကြောင်းကို သာဓက ဝါကျများနှင့်ချိန်ထိုး၍ ရှင်းပြထားသည်။

မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာသဒ္ဒါတွင် မေးခွန်းဝါကျကို "တစ်စုံတစ်ရာကို မေးမြန်းသောဝါကျကို မေးခွန်းဝါကျဟုခေါ်သည်။" ဟုဖွင့်ဆိုထားသည်။ အမေးပစ္စည်းကို "သိလိုသောအကြောင်းအရာအချက်အလက်တို့ကို မေးမြန်းရာ၌ အသုံးပြုသောပစ္စည်းကို အမေးပစ္စည်းဟု ခေါ်သည်။" ဟုဖွင့်ဆိုထားပြီး၊ အမေးပစ္စည်းတို့မှာ “နည်း၊ လော၊ စ၊ လား၊ လဲ၊ တုန်း”တို့ကို ဖော်ပြထားသည်။

---

*ဒေါက်တာ၊ ကထိက၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။

Burmese A Comprehensive Grammar ဟူသောစာအုပ်တွင် အမေးဝါကျများကို (၁) Polar Question(မှန်မမှန်မေးခွန်း) (၂) Content Question(အမေးစကားမေးခွန်း) (၃) Alternative Question (ရွေးချယ်ပြမေးခွန်း) (၄) Tag Question(ဟုတ်လားမဟုတ်ဘူးလားမေးခွန်း) (၅) Elliptical Question (စကားလုံးမြှုပ်ချန်ထားသောမေးခွန်း) ဟူ၍ အပိုင်း (၅)ပိုင်း ခွဲခြားဖော်ပြထားသည်။

အမေးဝါကျများနှင့်ပတ်သက်၍ သီးသန့်လေ့လာထားသော စာတမ်းများမတွေ့ရှိသေးသောကြောင့် အမေးဝါကျများကို လေ့လာရခြင်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ဆရာကြီးဦးဖေမောင်တင်၏ အယူအဆများနှင့် Burmese A Comprehensive Grammar ဟူသောစာအုပ်မှ အယူအဆများကို အခြေခံ၍ လေ့လာထားပါသည်။

## လေ့လာသည့်နည်းနာနှင့် အလေ့လာခံနယ်ပယ်

ဤစာတမ်းတွင် အမေးဝါကျများကို စိစစ်လေ့လာရာ၌ ဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ဘာသာဗေဒနည်းအရ ဘာသာစကားတစ်ခုကို လေ့လာရာတွင် အလျားလိုက်လေ့လာခြင်း (syntagmatic study) နှင့် ဒေါင်လိုက်လေ့လာခြင်း(paradigmatic study)ဟူ၍ နှစ်မျိုးရှိပါသည်။ ဒေါင်လိုက်လေ့လာခြင်းဟူသည် ဘာသာစကားအသုံးပြုပုံကို လေ့လာခြင်းဖြစ်သည်။ ဝါကျတွင် အမေးစကားများကို မည်သို့အသုံးပြုသည်ကို လေ့လာထားပါသည်။ အလျားလိုက်လေ့လာရာ၌ အမေးဝါကျတွင် အမေးစကားတို့၏နေရာကို လေ့လာတင်ပြထားပါသည်။ လေ့လာရာတွင် အလေ့လာခံနယ်ပယ်အဖြစ် မြန်မာဘာသာစကားကို လေ့လာထားပြီး၊ အပြောစကားရော အရေးစကားကိုပါ လေ့လာတင်ပြထားပါသည်။ စာအုပ်စာတမ်းများ၊ ဝတ္ထုများမှ သာဓကဝါကျများနှင့်ချိန်ထိုး လေ့လာပြထားပါသည်။

## စိစစ်လေ့လာချက်

### ၁။ ဝါကျ

ဘာသာစကားသည် ဆက်သွယ်ရေးကြားခံဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး ဘာသာစကားဖြင့် ဆက်သွယ်ရာတွင် ဝါကျဖွဲ့၍ဆက်သွယ်ရသည်။ ဝါကျဖွဲ့သည်ဆိုရာ၌ စကားလုံးများကို နေရာတကျစီစဉ်၍ ဝါကျဖွဲ့ပြီး ပြောဆိုရေးသားရသည်။ ဝါကျကို Longman Dictionary of Language Teaching and Appilied Linguistics အဘိဓာန်တွင် “ဝါကျသည် ဝါစင်္ဂနှင့် သဒ္ဒါအမျိုးအစားများအတွင်း သဒ္ဒါဆိုင်ရာဖွဲ့စည်းပုံစနစ်၏အကြီးဆုံးယူနစ်တစ်ခုဖြစ်သည်။” (၂၀၁၀၊ စာ-၅၂၂) ထို့ကြောင့်ဘာသာစကားဖြင့် ပြောဆိုရေးသားဆက်သွယ်ရာတွင် ဝါကျသည် အရေးပါသောကဏ္ဍမှ ပါဝင်နေသည်။ ဝါကျများကို ဝါကျဖွဲ့ထုံး (syntax)အရလေ့လာနိုင်သလို၊ ဝါကျပုံသဏ္ဍာန်(sentence pattern)အရလည်း လေ့လာကြသည်။ ဝါကျဖွဲ့ထုံးစနစ်အရ လေ့လာလျှင် မြန်မာဘာသာစကား၌ ဝါကျရိုးနှင့် ဝါကျရော ဟူ၍ (၂)မျိုး ခွဲခြားလေ့လာနိုင်သည်။ ဝါကျပုံသဏ္ဍာန်အရလေ့လာခြင်းကို **မောင်ခင်မင်(ဓနုဖြူ)**က **ရေးဟန်ပညာနိဒါန်း** တွင် "ပြောသူနာသူ(ရေးသူ၊ ဖတ်သူ) ဆက်သွယ်ပုံအရ ဝါကျပုံသဏ္ဍာန်ကွဲပြားမှုရှိသည်။ ပုံသဏ္ဍာန်ကိုလိုက်၍ အနက်အဓိပ္ပာယ်သက်ရောက်ပုံလည်း ကွဲပြားသည်။ "(၂၀၁၁၊စာ-၁၃၂)ဟု

ဖော်ပြထားပြီး၊ ဝါကျပုံသဏ္ဌာန် (၄)မျိုးရှိကြောင်းဖော်ပြထားသည်။ ၎င်းတို့မှာ ၁။ ဖော်ပြဝါကျ (declarative sentence)၊ ၂။ တိုက်တွန်းဝါကျ(imperative sentence)၊ ၃။ ဆန္ဒဖော်ဝါကျ (exclamatory sentence)နှင့် ၄။အမေးဝါကျ (interrogative sentence)တို့ဖြစ်သည်။

ထို့ကြောင့် ဝါကျပုံသဏ္ဌာန်အရ အနက်အဓိပ္ပာယ်သက်ရောက်ပုံ ကွဲပြားသွားသော ဝါကျအမျိုးအစား (၄)မျိုး အနက်မှ ဤစာတမ်းတွင် "အမေးဝါကျများ"အကြောင်းကို လေ့လာတင်ပြသွားပါမည်။

## ၂။ အမေးဝါကျ

လူတို့သည် ဘာသာစကားကို ဆက်သွယ်ရေးအတွက်အသုံးပြုကြသည်။ တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်သွယ်ရာတွင် သတင်း၊ အချက်အလက်၊ အဖြစ်အပျက်၊ အကြောင်းအရာတို့ကို သိလိုသောအခါတွင် မေးခွန်းမေးမြန်းခြင်းဖြင့်လည်း ဆက်သွယ်ကြသည်။ ထို့ကြောင့် ဘာသာစကားတိုင်းတွင် အမေးဝါကျများသည် အရေးပါသည်။ ထိုသို့အရေးပါသော အမေးစကားများနှင့်ပတ်သက်၍ ပညာရှင်များက အမျိုးမျိုးဖွင့်ဆိုခဲ့ကြသည်။

**"Routledge Dictionary of Language and Linguistics"** ဟူသော အဘိဓာန်တွင် အမေးဝါကျနှင့်ပတ်သက်၍-

> "အမေးဝါကျများသည် ဝါကျအမျိုးအစားများထဲမှ တစ်ခုဖြစ်ပြီး၊ နားထောင်သူ (သို့) ကြားသူကို အကြောင်းအရာတစ်ခုအတွက် အချက်အလက်ပေးရန် တောင်းဆိုခြင်းခံရသော ဝါကျမျိုးဖြစ်သည်။" (၁၉၉၆၊ စာ-၂၃၈)

ဟုဖော်ပြထားသည်။

**"Oxford CONCISE DICTIONARY OF LINGUISTICS"** ဟူသောအဘိဓာန်တွင် အမေးစကားနှင့်ပတ်သက်၍-

> "အမေးစကား၏ မူလကဏ္ဍမှာ မေးခွန်းမေးမြန်းခြင်း ဖြစ်သည်။ ဖော်ပြဝါကျ ပုံစံနှင့် ကွဲပြားခြားနားသည်။ အမေးစကားတွင် အမေးပစ္စည်း နှင့် အမေး ရုပ်ပြောင်းဝိဘတ်သွယ်ခြင်းတို့ကို အမေးသင်္ကေတ တစ်ခုအဖြစ်သုံးရသည်။" (၁၉၉၇၊ စာ-၁၈၄)

ဟုလည်းကောင်း၊

**မောင်ခင်မင် (ဓနုဖြူ)က ဘာသာဗေဒဝေါဟာရများ** ဟူသောအဘိဓာန်တွင်

> "ဝါကျများကို အမျိုးအစားခွဲရာတွင် ဖော်ပြဝါကျ(declarative)ပုံစံနှင့် ကွဲပြားခြားနားသော ဝါကျပုံစံဖြစ်သည်။ အမေးဝါကျတွင် အမေးစကားသည် ထင်ရှားသော လက္ခဏာဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားတွင် 'ဟုတ်/မဟုတ် ဖြေရ သောမေးခွန်းမျိုးမဟုတ်လျှင် who, which, what, when, why, how စသော စကားများကို အသုံးပြုရသည်။ ဟုတ်/မဟုတ် ဖြေရသောမေးခွန်းတွင်မူ ဝါကျထဲက ပုဒ်အချို့ကို နေရာရွှေ့နောက်ပြောင်းရသည်။ မြန်မာဘာသာ စကားတွင် ဟုတ်/မဟုတ် ဖြေရသော မေးခွန်း

> မဟုတ်လျှင် "လဲ"ဖြင့် အဆုံး သတ်ရပြီး "ဘာ၊ ဘယ်" ဟူသောအမေးစကားများဖြင့် အစချီရသည်။ ဟုတ်/မဟုတ် ဖြေရသော မေးခွန်းကိုမူ "လား"ဖြင့် အဆုံးသတ်ရသည်။ ဘာသာစကားအသီးသီးတွင် အမေးဝါကျဖွဲ့ပုံနှင့် အမေးစကား အမျိုးမျိုးရှိသည်။ (၂၀၁၉၊ စာ-၁၅၆)

ဟုလည်းကောင်း ဖော်ပြထားသည်။ ထို့ကြောင့် အမေးဝါကျများသည် ဝါကျအမျိုးအစား(sentence type)များစွာထဲမှ အမေးသဘောကို ဖော်ပြသော ဝါကျပုံစံတစ်မျိုးဖြစ်သည်။ အမေးဝါကျများတွင် အမေးသဘောကိုဖော်ပြရန် အမေးစကားများ ပါဝင်ရကြောင်း တွေ့ရသည်။

## ၃။ မြန်မာဘာသာစကားရှိအမေးဝါကျများ

မြန်မာဘာသာစကားရှိ အမေးဝါကျများတွင် အမေးသဘောကို ဖော်ပြရန်အတွက် အမေးစကားများသည် အဓိကကျသည်ကို တွေ့ရသည်။ အမေးစကားများကို လေ့လာကြည့်သောအခါ နှစ်မျိုးတွေ့ရသည်။ ၎င်းတို့မှာ ဝါကျအဆုံးတွင်တွေ့ရသောအမေးပစ္စည်း (interrogative sentence-final particle)နှင့် ဝါကျ၏ အစ(သို့)အလယ်တွင်တွေ့ရသောအမေးစကား(interrogative particle) တို့ဖြစ်ကြသည်။ ဝါကျအဆုံး၌ တွေ့ရသော အမေးပစ္စည်းတို့မှာ “တုံး၊ နည်း၊ စ၊ လား၊ လဲ၊ လော” ဟူ၍ (၆)လုံးတွေ့ရသည်။ "နည်း၊ စ၊ လော"တို့သည် အရေးစကားတွင်တွေ့ရသော ဝါကျအဆုံးသတ် အမေးပစ္စည်းများဖြစ်သည်။ "တုံး၊လား၊လဲ" တို့သည် အပြောစကားတွင်တွေ့ရသော ဝါကျအဆုံးသတ် အမေးပစ္စည်းများဖြစ်သည်။

“ဘာ၊ ဘယ်၊ ဘယ်လောက်၊ ဘယ်လို၊ ဘယ်သူ၊ ဘယ်ကို၊ ဘယ်တုန်းက၊ ဘယ်တော့၊ ဘာကြောင့်၊ ဘယ်နှ၊ ဘယ်မှာ၊ ဘယ်က၊ ဘယ်လို၊ ဘာလုပ်ဖို့၊ ဘာလို့၊ ဘာဖြစ်လို့၊ ဘယ်လောက်၊ ဘယ်လိုလူ၊ ဘာလို့" တို့သည် အပြောစကားတွင်တွေ့ရသော အမေးစကားများဖြစ်ကြသည်။ "မည်သူ၊ မည်သည်၊ မည်သည့်၊ မည်သို့သော၊ မည်ကဲ့သို့သော၊ မည်မျှ၊ အဘယ်မျှ၊ အဘယ်ကဲ့သို့သော၊ အဘယ်ကြောင့်၊ အဘယ်” တို့သည် အရေးစကားတွင်တွေ့ရသော အမေးစကားများ ဖြစ်ကြသည်။

အမေးဝါကျများကို လေ့လာကြည့်သောအခါ ပြန်ဖြေသောအဖြေပေါ်တွင်မူတည်၍ အမေးဝါကျများကို အမျိုးအစားခွဲခြားနိုင်သည်။ ဥပမာအားဖြင့် "ပြန်ရောက်ပြီလား" ဟူသော အမေးဝါကျအတွက် အဖြေမှာ ကြိယာပေါ်တွင်မူတည်နေပြီး၊ ဖော်ပြဝါကျအတွက် အဖြေမှာ "ပြန်ရောက်ပြီ" ဟုလည်းကောင်း၊ အတိုပြန်ဖြေသောပုံစံမှာ "ဟုတ်ကဲ့"ဟု ဖြေဆိုရသည်။ အငြင်းပြအဖြေအတွက် "ပြန်မရောက်သေးဘူး"ဟုလည်းကောင်း၊ အတိုပြန်ဖြေသောပုံစံမှာ "ဟင့်အင်း"ဟုလည်းကောင်း ဖြေရသည်။ "ဘယ်တုန်းကပြန်ရောက်လဲ" ဟူသောအမေးဝါကျတွင်မူ ပြန်ဖြေရသောအဖြေသည် ကြိယာပေါ်တွင် မူတည်၍မနေဘဲ၊ "ဘယ်တုန်းက" ဟူသော အမေးစကားပေါ်တွင် မူတည်နေသည်။ ထိုဝါကျအတွက်အဖြေမှာ "မနက်တုန်းကပြန်ရောက်တယ်" ဟုလည်းကောင်း၊ အတိုပြန်ဖြေသောပုံစံအဖြစ် "မနက်တုန်းက" ဟုလည်းကောင်း ဖြေရသည်။ "ဘယ်၊ ဘာ" အမေးစကားများပါသော အမေးဝါကျအတွက် အဖြေမှာ ကြိယာပေါ်တွင် မူတည်၍ မနေဘဲ၊ "ဘယ်၊ ဘာ" ဟူသော မေးလိုသောအကြောင်းအရာပေါ်တွင် မူတည်၍ဖြေရသည်။

ထို့ကြောင့် အမေးဝါကျများတွင် အခြေခံအားဖြင့် အမေးဝါကျပုံစံ(၂)မျိုး ရှိကြောင်း တွေ့ရသည်။ ထိုပုံစံ(၂)မျိုးမှာ (၁) ဟုတ်မဟုတ်မေးခွန်း(yes/no question) နှင့် (၂) အမေးစကားမေးခွန်း (wh-question)တို့ ဖြစ်ကြသည်။ Burmese A Comprehensive Grammar ဟူသောစာအုပ်တွင် အမေးစကားမေးခွန်းကို (content question) ဟုဖော်ပြထားပြီး ဟုတ်/မဟုတ်မေးခွန်းကို (polar question)ဟုဖော်ပြထားသည်။

## ၃၊ ၁။ ဟုတ်/မဟုတ်မေးခွန်း

ဟုတ်သည်။ မှန်သည်။ စသည်ဖြင့်ပြန်ဖြေရသော မေးခွန်းမျိုးကို ဟုတ်/မဟုတ်မေးခွန်းဟု ခေါ်နိုင်သည်။ ဤမေးခွန်းမျိုးတွင် အမေးစကားများမပါဝင်ပေ။ ဝါကျအဆုံးတွင် ဝါကျအဆုံးသတ်အမေးပစ္စည်း "လား" ဖြင့်အဆုံးသတ်ရသည်။ အခြားဝါကျအဆုံးသတ် အမေးပစ္စည်းများ မဖြစ်နိုင်ပေ။

သာဓက။ ။

| **N/Phr** | **V/Phr** | **Interg S-F Ptcl** |
|---|---|---|
| ဦးချစ်မောင် | ရှိပါသ | လား။ |
| တင်လေးရော | ကူညီရမ | လား။ |
| အဖော် | မပါဘူး | လား။ |

ဟူ၍တွေ့နိုင်သည်။

ဟုတ်/မဟုတ်မေးခွန်း တွင် အရေးစကားအတွက် "လော"ကို တွေ့နိုင်သည်။ အရေးစကားတွင် "လော" ကိုအသုံးပြုပုံမှာ-

"သို့သော် ယောကျ်ားတိုင်း စိတ်ဓာတ် ကြီးမားခိုင်မာသလော"

"ဤကားလွတ်လပ်ခွင့်လော။"

"ဒီမိုကရေစီအုပ်ချုပ်ရေးသည် လွတ်လပ်ခွင့်ကိုပေးနိုင်အံ့လော။"

ဟူ၍ တွေ့နိုင်သည်။

ထို့ကြောင့် ဟုတ်/မဟုတ်မေးခွန်းတွင် ဝါကျအဆုံး၌ "လား၊ လော"တို့ဖြင့် အဆုံးသတ်ရသည်ကို သိရသည်။

## ၃၊ ၂။ အမေးစကားမေးခွန်း

အမေးစကားမေးခွန်းမျိုးသည် “ဟုတ်သည်။ မှန်သည်။” ဟူ၍ ဖြေဆိုရသော မေးခွန်းများ မဟုတ်ပေ။ အမေးစကားမေးခွန်းများတွင် အမေးစကားများသည် အဓိကဖြစ်သည်။

အမေးစကားမေးခွန်းများတွင် ဝါကျ၏ အစ(သို့) အလယ်တွင် အမေးစကားများပါဝင်ပြီး၊ ဝါကျအဆုံးတွင် ဝါကျအဆုံးသတ်အမေးပစ္စည်းများ ပါရသည်။

အမေးစကားမေးခွန်းပုံစံများမှာ-

| | | | |
|---|---|---|---|
| **N/ Phr** | **Integt Ptcl** | **Integt S-F Ptcl** | |
| ကိုကို | ဘယ်မှာ | လဲ။ | |
| **Integt Ptcl** | **V/ Phr** | **Integt S-F Ptcl** | |
| ဘယ် | ပြန်မ | လဲ။ | |
| ဘယ် | သွားမလို့ | တုံး။ | |
| **N/ Phr** | **Integt Ptcl** | **V/ Phr** | **Integt S-F Ptcl** |
| ညီညို | ဘယ် | ပြေးရမ | လဲ။ |

ဟူ၍တွေ့ရသည်။

**အရေးစကားတွင် အသုံးပြုပုံမှာ**-

| | | | |
|---|---|---|---|
| **Integt Ptcl** | **V/ Phr** | **Integt S-F Ptcl** | |
| မည်သို့ | တိုက်ရမည် | နည်း။ | |
| **Integt Ptcl** | **N/Phr** | **V/Phr** | **Integt S-F Ptcl** |
| မည်သို့သော | စာပေကိုကျောင်းသားများ | ဖတ်သင့်သ | နည်း။ |

ဟူ၍တွေ့ရသည်။

အမေးစကားမေးခွန်းအတွက် ဝါကျအဆုံးသတ်အမေးပစ္စည်းတို့မှာ "နည်း၊ လဲ၊ တုံး" တို့ဖြစ်သည်။ "နည်း" ကို အရေးစကားတွင် တွေ့ရပြီး၊ "လဲ၊ တုံး" တို့ကို အပြောစကားတွင် တွေ့ရသည်။"လား" ပစ္စည်းသည် အမေးစကားမေးခွန်းတွင် မဖြစ်နိုင်ပေ။

အမေးစကားတို့တွင် "ဘာ၊ ဘယ်၊ မည်"တို့သည် အရင်းခံဖြစ်သည်။ "ဘာ၊ ဘယ်၊ မည်" တို့၏နောက်က ပစ္စည်းစကားလုံးများ၊ နာမ်စကားလုံးများ၊ ကြိယာစကားလုံးများ လိုက်ခြင်းဖြင့် မေးလိုသော အကြောင်းအရာကို ကွဲပြားစွာဖော်ပြနိုင်သည်။ "ဘာ"၏နောက်တွင် "ကြောင့်" ဟူသော စကားလုံးလိုက်ခြင်းဖြင့် "ဘာကြောင့်" ဟုဖြစ်လာပြီး၊ မေးလိုသောအဓိပ္ပာယ်မှာ ပြောင်းလာသည်။ "ဘယ်" ဟူသော အမေးစကားနောက်တွင် "လောက်၊ လို၊ သူ၊ ကို၊ တုန်းက၊ တော့၊ နှ၊ မှာ၊ က၊ လို့" ဟူသော ပစ္စည်းစကားလုံးများ၊ နာမ်စကားလုံးများလိုက်ခြင်းဖြင့် "ဘယ်လောက်၊ ဘယ်လို၊ ဘယ်သူ၊ ဘယ်ကို၊ ဘယ်တုန်းက၊ ဘယ်တော့၊ ဘယ်နှ၊ ဘယ်မှာ၊ ဘယ်က"စသည်ဖြင့် မေးလိုသော အကြောင်း အရာ အမျိုးအစားများကွဲပြားစွာဖော်ပြနိုင်သည်။ အရေးစကားအတွက် "မည်" နောက်က "သည်၊ သူ၊ သည့်၊ သို့သော၊ ကဲ့သို့သော၊ မျှ"ဟူသော ပစ္စည်းစကားလုံးများ၊ နာမ်စကားလုံးများ လိုက်ခြင်းဖြင့် "မည်သည်၊ မည်သူ၊ မည်သည့်၊ မည်သို့သော၊ မည်ကဲ့သို့သော၊ မည်မျှ"ဟူ၍ ဖြစ်လာပြီး မေးလိုသော အကြောင်းအရာများလည်း ကွဲပြားသွားသည်။

ထိုသို့ "ဘယ်၊ ဘာ၊ မည်"တို့၏နောက်တွင်လိုက်သော ပစ္စည်းစကားလုံးများ၊ နာမ်စကားလုံးများကြောင့် အမေးစကားများကို အမျိုးအစားများခွဲခြားနိုင်သည်။ အချိန်ပြအမေး၊ နေရာပြအမေး၊ အကြောင်းအရာ၊အခြေအနေ/ပြုမူဆောင်ရွက်ပုံပြအမေး၊ လူပုဂ္ဂိုလ်အမေး၊ အကြောင်းပြအမေး၊ ပမာဏပြအမေး၊ အရေအတွက်ပြအမေး ဟူ၍ အမျိုးအစားများတွေ့နိုင်သည်။

## ၃၊ ၂၊ ၁။ အချိန်ပြအမေး

အမေးစကားများတွင် အချိန်ကိုမေးသောအမေးပစ္စည်းများမှာ "ဘယ်တုန်းက၊ ဘယ်တော့" တို့ဖြစ်ကြ သည်။ "ဘယ်"ဟူသောစကားနောက်က "တုန်းက၊ တော့" ဟူသော ပစ္စည်းများ ထည့်ခြင်းဖြင့် အချိန်ကို မေးသော အမေးများဖြစ်လာသည်။ "ဘယ်တုန်းက၊ ဘယ်တော့"တို့သည် အပြောစကားတွင် တွေ့ရသော အမေးပစ္စည်းများဖြစ်သည်။ ထို့ပြင် "ဘယ်"ဟူသော အမေးစကားနောက်က "အချိန်" ဟူသော စကားလုံး လိုက်ခြင်းဖြင့် အချိန်ကို မေးနိုင်သည်။ အရေးစကားတွင် "မည်သည့်" ဟူသော အမေးစကားနောက်က "အချိန်"ဟူသော စကားလုံး လိုက်ခြင်းဖြင့် အချိန်ကို မေးနိုင်သည်။

သာဓက။ "ရန်ကုန်ကို ဘယ်တုန်းက ရောက်နေပါသလဲ"

အဖြေ = မနေ့က ရောက်ပါတယ်။ (သို့) မနက်တုန်းက ရောက်ပါတယ်။

ဟူသော သာဓကဝါကျတွင် "ဘယ်တုန်းက"ဟူသော အချိန်ပြအမေးအတွက်အဖြေမှာ "မနေ့က" "မနက်တုန်းက" ဟူသောအဖြေများဖြစ်သည်။ ထိုအဖြေများသည် အတိတ်ကာလကို ဖော်ပြသော အဖြေများဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် "ဘယ်တုန်းက" ဟူသော အချိန်ပြအမေးစကားသည် အတိတ်ကာလကို မေးသော အမေးဖြစ်သည်။

သာဓက။ "ရန်ကုန်ကို ဘယ်တော့ ပြန်လာမလဲ"

အဖြေ = လကုန်မှပြန်လာမယ်။ (သို့) သီတင်းကျွတ်မှ ပြန်လာမယ်။

ဟူသော သာဓကဝါကျတွင် 'ဘယ်တော့" ဟူသောအချိန်ပြအမေးအတွက် အဖြေမှာ "လကုန်မှ" "သီတင်းကျွတ်မှ" ဟူသောအဖြေများဖြစ်သည်။ ထိုအချိန်များသည် မရောက်သေးသောအချိန် (အနာဂတ်ကာလ)ကို ဖော်ပြနေကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် "ဘယ်တော့" ဟူသော အချိန်ပြ အမေးစကားသည် အနာဂတ်ကာလကို မေးသောအမေး ဖြစ်သည်။

## ၃၊ ၂၊ ၂။ နေရာပြအမေး

"ဘယ်" ဟူသော အမေးစကားနောက်က "က၊ ကို၊ မှာ" နောက်ဆက်ပစ္စည်းတို့ လိုက်ခြင်းအားဖြင့် နေရာကို မေးသောအမေးကို ဖော်ပြနိုင်သည်။

"ဘယ်က၊ ဘယ်ကို၊ ဘယ်မှာ"တို့ကိုအသုံးပြုပုံမှာ-

"အခု ဘယ်ကနေ ဆက်တာပါလဲ။

"ဘယ်ကလဲ"

"ဘယ်ကိုပြေးကြမလဲ"

"ဘယ်ကိုများ သွားဖို့ရာ စိတ်ထဲမှာ ကြံစည်ပြီး နေပါသလဲ"

"အခု ဘယ်မှာတည်းသလဲ"

"ကိုကို ဘယ်မှာလဲ"

ဟူ၍ တွေ့နိုင်သည်။

"က၊ ကို၊ မှာ" နောက်ဆက်ပစ္စည်းတို့မပါဘဲ ကြိယာ၏ရှေ့တွင် "ဘယ်" အမေးစကားကို တိုက်ရိုက်တွဲသုံးခြင်းဖြင့်လည်း နေရာကိုမေးသောအမေးကို ဖော်ပြနိုင်ကြောင်းတွေ့ရသည်။

သာဓက။ ။"အခု ဘယ်ပြန်မလဲ၊ ဘယ်သွားမလဲ"

"မနက် ဘယ်သွားပါဦးမလဲ"

"ညိုညို ဘယ်ပြေးရမလဲ"

"ဘယ်လာတာလဲ။"

ဟူသော သာဓကဝါကျတို့တွင် "ဘယ်" နောက်ကလိုက်သော ကြိယာတို့သည် အပြုအမူပြကြိယာ၊ လှုပ်ရှားမှုပြကြိယာတို့ ဖြစ်သည်ကို တွေ့ရသည်။

**၃၊ ၂၊ ၃။အကြောင်းအရာ၊အခြေအနေပြ/ ပြုမူဆောင်ရွက်ပုံပြအမေး**

အကြောင်းအရာ၊ အခြေအနေ/ ပြုမူဆောင်ရွက်ပုံကို မေးသော အမေးစကားတို့မှာ"ဘယ်လို၊ ဘယ်ကဲ့သို့၊ မည်ကဲ့သို့၊ မည်သို့၊ အဘယ်သို့၊ အဘယ်ကဲ့သို့"တို့ဖြစ်သည်။ "ဘယ်၊ မည်၊ အဘယ်" တို့၏ နောက်တွင် "လို၊ ကဲ့သို့သော၊ သို့သော"ပစ္စည်းတို့လိုက်ခြင်းဖြင့် အကြောင်းအရာ၊ အခြေအနေ/ ပြုမူဆောင်ရွက်ပုံကို မေးသောအမေးများဖြစ်လာသည်။ "ဘယ်လို"သည် အပြောစကားတွင် တွေ့ရသော အမေးစကား ဖြစ်သည်။ "အဘယ်သို့သော၊ အဘယ်ကဲ့သို့သော၊ မည်ကဲ့သို့သော၊ မည်သို့သော၊ မည်ကဲ့သို့၊ မည်သို့" တို့သည် အရေးစကားတွင် တွေ့ရသော အမေးစကားတို့ ဖြစ်ကြသည်။

သာဓက(၁)။ ။ဒီစာအုပ်က ဘယ်လိုစာအုပ်လဲ။

အဖြေ = ဒေါ်အောင်ဆန်းစုကြည်အကြောင်း ရေးထားတဲ့စာအုပ်။ (သို့)

ဒုတိယကမ္ဘာစစ်တုန်းကအကြောင်းရေးထားတဲ့စာအုပ်။

သာဓက(၂) ။ဘယ်လိုလူကို လူကောင်းဟု သတ်မှတ်မလဲ။

အဖြေ = ရိုးသားကြိုးစားတဲ့လူကို လူကောင်းလို့ သတ်မှတ်မယ်။

အထက်ပါ သာဓကဝါကျများသည် "ဘယ်လို" ဟူသောအမေးစကား၏နောက်က "နာမ်"လိုက်သော အမေးဝါကျများဖြစ်သည်။ အဖြေများသည် အမေးခံရသော နာမ်၏ အကြောင်းအရာ၊ အခြေအနေများကို ဖော်ပြနေကြောင်းတွေ့ရသည်။ ထို့ကြောင့် "ဘယ်လို"ဟူသော အမေးစကားနောက်က "နာမ်"လိုက်လျှင်

ထိုအမေးစကားသည် နာမ်၏အကြောင်းအရာ၊ အခြေအနေကို မေးသောအမေးဖြစ်ကြောင်း တွေ့ရှိရသည်။

အရေးစကား အတွက် "မည်သို့သော၊ အဘယ်ကဲ့သို့သော၊ မည်ကဲ့သို့သော" ပစ္စည်းတို့နောက်တွင် "နာမ်"လိုက်သော အမေးဝါကျများမှာ-

"မည်သို့သောစာပေကို ကျောင်းသားများဖတ်သင့်သနည်း။"

"မည်ကဲ့သို့သောစာပေကို ကျောင်းသားများဖတ်သင့်သနည်း။"

"အဘယ်ကဲ့သို့သော ပိုးမွှားသည် သစ်ပင်တို့ကို ဖျက်ဆီးတတ်သနည်း။"

"အဘယ်သို့သော ပိုးမွှားသည် သစ်ပင်တို့ကို ဖျက်ဆီးတတ်သနည်း။"

ဟူ၍ တွေ့နိုင်သည်။

ထို့ပြင်-

အပြောစကား သာဓက(၁)။ ။အိမ်ကို ဘယ်လိုပြန်သွားလဲ။

အဖြေ = လမ်းလျှောက်ပြီးပြန်သွားတယ်။

အရေးစကား သာဓက(၂)။ သူခိုးလာလျှင်အဘယ်သို့ပြုမည်နည်း။

အဖြေ = ဝိုင်း၍ဖမ်းမည်။

အထက်ပါသာဓကဝါကျများသည် “ဘယ်လို၊ အဘယ်သို့”ဟူသော အမေးစကားများ၏နောက်က ကြိယာလိုက်သော အမေးဝါကျများဖြစ်သည်။ အဖြေများသည် အမေးခံရသောကြိယာတို့၏ ပြုမူဆောင်ရွက်ပုံများကို ဖော်ပြနေကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် "ဘယ်လို၊ အဘယ်သို့" ဟူသော အမေးစကားများ၏နောက်က "ကြိယာ"လိုက်လျှင် ထိုအမေးစကားများသည် ကြိယာ၏ ပြုမူဆောင်ရွက်ပုံကို မေးသောအမေးဖြစ်ကြောင်း တွေ့ရှိရသည်။

အပြောစကားအတွက် “ဘယ်လို”ကို အသုံးပြုပုံမှာ-

"ဖေဖေ သူ့ကို ဘယ်လိုတွေ့နိုင်မလဲ"

"တင်လေး ဘယ်လိုများသွားပြောလိုက်သလဲ"

အရေးစကားအတွက် “မည်သို့၊ မည်ကဲ့သို့၊ အဘယ်ကဲ့သို့” တို့ကို အသုံးပြုပုံမှာ-

"မည်သို့တိုက်ရမည်နည်း။"

"ဤကိစ္စကို မည်ကဲ့သို့ ဖြေရှင်းမည်နည်း။"

"အဘယ်ကဲ့သို့ပြုမည်နည်း။"

ဟူ၍ တွေ့ရသည်။

### ၃၊ ၂၊ ၄။ လူပုဂ္ဂိုလ်အမေး

လူပုဂ္ဂိုလ်ကို မေးသောအမေးစကားတို့မှာ "ဘယ်သူ၊ မည်သူ " ဟူသော ပစ္စည်းများ ဖြစ်သည်။ "မည်သူ" သည် အရေးစကားတွင် တွေ့ရသော အမေးစကားဖြစ်သည်။ "ဘယ်"ဟူသော အမေးစကား၏ နောက်တွင် "သူ၊ လူ" ဟူသောနာမ်စားနှင့် နာမ်တို့လိုက်ခြင်းဖြင့် လူပုဂ္ဂိုလ်ကို မေးသောအမေးကို ဖော်ပြနိုင်ကြောင်း တွေ့ရသည်။

သာဓက။ ။"ဘယ်သူ့ကို တွေ့ချင်ပါသလဲ"

"အခု စကားပြောတာ ဘယ်သူပါလဲ"

"မျိုးသူ"ဆိုတာ ဘယ်သူလဲ။"

အရေးစကား "ဘုရားသို့ မည်သူနှင့် သွားမည်နည်း။"

ဟူ၍တွေ့နိုင်သည်။

### ၃၊ ၂၊ ၅။ အကြောင်းပြအမေး

အညွှန်းခံ၏ ဖြစ်ပျက်ရသော အဖြစ်အပျက်၊ အကျိုးအကြောင်းကိစ္စကို မေးသော အမေးစကားတို့မှာ "ဘာကြောင့်၊ ဘာလို့၊ ဘာပြုလို့၊ ဘာလုပ်ဖို့၊ ဘာဖြစ်လို့၊ အဘယ်ကြောင့်" တို့ဖြစ်ကြသည်။ "ဘာ"သည် အရင်းခံဖြစ်သည်။ "ဘာ" နောက်တွင် "ကြောင့်" နောက်ဆက်ပစ္စည်းလိုက်ခြင်းဖြင့် အကြောင်းပြအမေး ဖြစ်လာသည်။ "ကြောင့်" သည် နာမ်၏အကြောင်းပြကို ဖော်ပြသော နောက်ဆက်ပစ္စည်း ဖြစ်သည်။ "လို့"သည် အမှီဝါကျခွဲပြပစ္စည်း ဖြစ်သည်။ "လို့"သည် အမှီဝါကျခွဲ၏ အကြောင်းပြကို ဖော်ပြသော ပစ္စည်းဖြစ်သည်။ "ဘာ"နှင့် "လို့"ကြားတွင် "ဖြစ်"ကြိယာလိုက်၍လည်း အကြောင်းပြ အမေးမေးနိုင်သည်။ "ဘာဖြစ်လို့" သည် "ဘာပြုလို့" နှင့်အဓိပ္ပာယ်တူသည်။ "ဖို့"သည် အမှီဝါကျခွဲပြ ပစ္စည်းဖြစ်သည်။ အမှီဝါကျခွဲ၏ အကြောင်းပြကို ဖော်ပြသောပစ္စည်းဖြစ်သည်။ "ဘာ"နှင့် "ဖို့"ကြားတွင် "လုပ်"ကြိယာ လိုက်ပြီး၊ "ဘာလုပ်ဖို့" ဟူသောအကြောင်းပြအမေးမေးနိုင်သည်။ "ဘာကြောင့်၊ ဘာလို့၊ ဘာပြုလို့၊ ဘာလုပ်ဖို့၊ ဘာဖြစ်လို့"တို့သည် အပြောစကားတွင် တွေ့ရသောအမေး စကားများ ဖြစ်ကြသည်။ အရေးစကားအတွက် "မည်သည်" နောက်တွင် "ကြောင့်၊ အကြောင်းကြောင့်" တို့လိုက်ခြင်းဖြင့် "မည်သည် ကြောင့်၊ မည်သည့်အကြောင်းကြောင့်" ဟူသောအကြောင်းပြအမေးများ ဖော်ပြနိုင်သည်။ "အဘယ်ကြောင့်" ကိုလည်းအသုံးပြုသည်။

သာဓက။ ။

အပြောစကား "ဘာကြောင့် နောက်ကျနေတာလဲ။"

"ဘာဖြစ်လို့နောက်ကျနေတာလဲ။"

အရေးစကား "အဘယ်ကြောင့် နောက်ကျနေရသနည်း။

"မည်သည့်အကြောင်းကြောင့် နောက်ကျနေရသနည်း။"

ဟူသောအမေးများအတွက် အဖြေမှာ-

အပြောစကား "ကားပိတ်လို့နောက်ကျသွားပါတယ်။"

အရေးစကား "ကားပိတ်သောကြောင့် နောက်ကျရပါသည်။"

ဟု ဖြေရသည်။ ထိုအမေးဝါကျများအတွက် အဖြေများသည် အကြောင်းပြပုဒ်များဖြစ်နေသည်ကို တွေ့ရသည်။

သာဓက။ ။

အပြောစကား "ဘာဖြစ်လို့လဲ"

"ဘာပြုလို့ မှိုင်နေသလဲ"

"အိမ်ကိုဘာကြောင့် အကြောင်းမကြားရတာလဲ"

အရေးစကား "အဘယ်ကြောင့် ဤနေရာ၌ လာရောက်ပုန်းလျှိုး၍ နေပါသနည်း။"

"မည်သည့်အကြောင်းကြောင့် နောက်ကျနေရသနည်း။"

ဟူ၍တွေ့နိုင်သည်။

**၃၊ ၂၊ ၆။ ပမာဏပြအမေး**

အညွှန်းခံ၏ အရေအတွက်၊ တန်ဖိုးပမာဏ၊ အချိန်ပမာဏကိုမေးသော အမေးစကားတို့မှာ "ဘယ်လောက်၊ မည်မျှ"တို့ဖြစ်သည်။ "ဘယ်၊ မည်" တို့သည်အရင်းခံဖြစ်သည်။ "ဘယ်"၏ နောက်တွင် "လောက်"၊ "မည်"၏နောက်တွင် "မျှ"တို့လိုက်ခြင်းဖြင့် အညွှန်းခံ၏ ပမာဏကိုမေးသောအမေးကို ဖော်ပြနိုင်သည်။ "ဘယ်လောက်" ကို အပြောစကားတွင် သုံးပြီး၊ "မည်မျှ"ကို အရေးစကားတွင်သုံးသည်။

သာဓက။ ။မတင်တင် တစ်လ တစ်လ သုံးစွဲတာ ဘယ်လောက်ကုန်ပါသလဲ"

ဒီအင်္ကျီ ဘယ်လောက်ပေးရလဲ။

အထက်ပါသာဓကသည် အညွှန်းခံ၏ တန်ဖိုးပမာဏကို မေးသော အမေးဖြစ်သည်။

ဒီမှာ ဘယ်လောက်ကြာကြာ တည်းမလို့လဲ"

အထက်ပါ သာဓကသည် အညွှန်းခံ၏ အချိန်ပမာဏကို မေးသောအမေးဖြစ်သည်။

အရေးစကားတွင် "မည်မျှ" ကို အသုံးပြုပုံမှာ-

"ရွှေ၊ ငွေဥစ္စာမည်မျှ ပါသွားသနည်း။"

"အလှူသို့ ပရိသတ်မည်မျှ လာမည်ဟု ခန့်မှန်းထားသနည်း။"

"သင်၌ ငွေမည်မျှ ရှိသနည်း။"

ဟူသော သာဓကဝါကျများတွင် အညွှန်းခံ၏ အရေအတွက်ကို မေးကြောင်းတွေ့ရသည်။

### **၃၊ ၂၊ ၇။ အရေအတွက်ပြအမေး**

အညွှန်းခံ၏ အရေအတွက်ကို မေးသော စကားမှာ 'ဘယ်နှ'ဟူသောအမေးစကားဖြစ်သည်။ "ဘယ်" သည် အရင်းခံဖြစ်ပြီး၊ "နှ" လိုက်ခြင်းဖြင့် အညွှန်းခံ၏အရေအတွက်ကို မေးသောအမေး ဖြစ်လာသည်။ "ဘယ်နှ"၏နောက်တွင် မျိုးပြပစ္စည်းများသာ လိုက်နိုင်သည်။ အရေအတွက်ပြ အမေးအတွက် အဓိက အဖြေမှာ "နာမ်ပုဒ်" ဖြစ်သည်။

သာဓက။ ။

မေး- ရန်ကုန်မှာ ဘယ်နှပတ်လောက်ကြာမှာလဲ။

ဖြေ- ၃ပတ်လောက်ကြာမယ်။

"တစ်နေ့ တစ်နေ့ဘယ်နှခွက်လောက် ကိုကိုသောက်တတ်သလဲ"

"အားလုံးပေါင်း ဘယ်နှယောက်လဲ။"

ဟူ၍တွေ့နိုင်သည်။

### **၃၊ ၃။ အမေးနာမ်စား နှင့် အမေးအထူးပြု**

အမေးစကားအမျိုးအစားများကို လေ့လာခြင်းဖြင့် အမေးစကားများ၏နောက်တွင် လိုက်နိုင်သော စကားလုံးအမျိုးအစားပြောင်းလဲရုံနှင့် အမေးစကားများကို အမေးနာမ်စား(Pronominal interrogative) နှင့်အမေးအထူးပြု(interrogative modifier) ဟူ၍ (၂)မျိုးခွဲခြားနိုင်သည်။

### **၃၊ ၃၊ ၁။ အမေးနာမ်စား**

LONGMAN Dictionary of Language Teaching and Applied Linguistics အဘိဓာန်တွင် နာမ်စားသည် “နာမ် သို့ နာမ်ပုဒ်တို့၏နေရာတွင် နေရာဝင်ယူနိုင်သော စကားလုံးကို နာမ်စား”ဟု ခေါ်သည်။(၂၀၁၀၊စာ-၄၆၈)ဟု ဖွင့်ဆိုထားသည်။ အမေးဝါကျတို့သည် ပြောသူက သိလိုသောအကြောင်းအရာ၊ အချက်အလက်ကို နာသူထံသို့ မေးမြန်းခြင်းဖြစ်ရာ အမေးဝါကျတို့တွင် မေးလိုသော အကြောင်းအရာ(နာမ် သို့ နာမ်ပုဒ်) တို့၏နေရာတွင် အမေးစကားများဝင်ရောက်ပြီး မေးမြန်းသည်ကို တွေ့ရသည်။ အမေးစကား အမျိုးအစားများထဲမှ အချိန်ပြအမေး၊ နေရာပြအမေး၊ လူပုဂ္ဂိုလ်အမေးနှင့် ဘယ်ဟာ တို့သည် အမေးနာမ်စားထဲတွင် အကျုံးဝင်သည်။ အမေးစကား "ဘာ၊ ဘယ်" တို့၏နောက်တွင် ကြိယာလိုက်ခြင်းဖြင့် အမေးနာမ်စားများအဖြစ် ဖော်ပြနိုင်ကြောင်းတွေ့ရသည်။

"ဘယ်သွားမလို့လဲ။" ဟူသောဝါကျတွင် "ဘယ်"အမေးစကားသည် နေရာအစားမေးသော အမေးစကား ဖြစ်သည်။ "နေရာ"သည် နာမ်ပုဒ် ဖြစ်သည်။ ထို့ကြောင့် ပြန်ဖြေသူက "ကျောင်းသွားမလို့." ဟုပြန်ဖြေလျှင် "ကျောင်း"သည် နာမ်ပုဒ်ဖြစ်သည်။ ထို့ကြောင့် အမေးနာမ်စားများအတွက် နာသူက ပြန်ဖြေသောအဖြေသည် နာမ် သို့ နာမ်ပုဒ် ဖြစ်နေသည်။

သာဓက-

ဘယ်သူ

"တူမ ဖခင် ဘယ်သူလဲ"

"ဘယ်သူများ ပါသေးသလဲ"

"ဘာ"၏နောက်တွင် ကြိယာလိုက်သောပုံစံမှာ-

"ညိုညို ဘာဖြစ်တာပါလိမ့်။"

"ဘာပြောတာလဲ"

"ဘာမှာပြီးပြီလဲ။"

"ဘယ်"၏နောက်တွင် ကြိယာလိုက်သောပုံစံမှာ-

"အခု ဘယ်ပြန်မလဲ၊ဘယ်သွားမလဲ"

"မနက် ဘယ်သွားပါဦးမလဲ"

"ဘယ်တုန်းကလဲ၊"

"ဘယ်ကလဲ"

"ဘယ်ဟာ"

"တင်လေး ဘယ်ဟာနားထောင်ရပါ့မလဲ"ပြောပါဦး"

ဟူ၍ တွေ့နိုင်သည်။

### ၃၊ ၃၊ ၂။ အမေးအထူးပြု

အထူးပြုကို **မောင်ခင်မင်(ဓနုဖြူ)**က **ဘာသာဗေဒဝေါဟာရများ** ဟူသောစာအုပ်တွင် "ဝါကျတွင် အစိတ်အပိုင်းတစ်ခု၏ အကြောင်းကို ဖော်ပြအထူးပြုသည့် အခြားအစိတ်အပိုင်း ဖြစ်သည်။ ကြိယာဝိသေသနနှင့် နာမဝိသေသနတို့သည် အထူးပြုများဖြစ်ကြသည်။ ဝါကျအတွင်း ပါဝင်သော နာမ်ပုဒ်တစ်ခုစီတွင် ပဓာနအစိတ်အပိုင်းဖြစ်သော ဦးဆောင်(head) နှင့် ဦးဆောင်၏အကြောင်းကို ဖော်ပြသော အထူးပြု ဟူ၍ရှိသည်။"(၂၀၁၉၊ စာ-၁၉၅)ဟု ဖွင့်ဆိုပြထားသည်။

သာဓကအားဖြင့်။ ။"အခုဘယ်ပျို့တက်မယ် ကြံပါသေးသလဲ"

ဟူသောဝါကျတွင် "ပျို့" သည် ဦးဆောင်နာမ်ဖြစ်သည်။ "ဘယ်"အမေးစကားသည် ဦးဆောင်၏ အကြောင်းကို ဖော်ပြသောအထူးပြုကို မေးမြန်းခြင်းဖြစ်သည်။ ထို့ကြောင့် အဖြေပြန်ဖြေရာတွင် "ရွှေဟင်္သာမင်းပျို့တက်မလို့" "သံဝရပျို့တက်မလို့" အစရှိသဖြင့် ပြန်ဖြေရသည်။ ထို့ကြောင့် အမေး

စကားတို့၏ နောက်မှနေ၍ နာမ်လိုက်ခြင်းအားဖြင့် အမေးစကားတို့သည် အမေးအထူးပြုပုဒ် ဖြစ်သည်။ "ဘာ၊ ဘယ်" အမေးစကားတို့၏နောက်တွင် နာမ်ပုဒ်လိုက်သောပုံစံဖြစ်သည်။ ပြုမူဆောင်ရွက်ပုံပြ အမေးစကား "ဘယ်လို"၏နောက်တွင် နာမ်လိုက်လျှင် အမေးအထူးပြုပုဒ် ဖြစ်သည်။ အရေအတွက်ပြ အမေးစကားနှင့် ပမာဏပြအမေးစကားတို့သည် အမေးအထူးပြုထဲတွင် ပါဝင်သည်။

သာဓက။ ။

"ဘာ"၏နောက်တွင် နာမ်ပုဒ်လိုက်သောပုံစံမှာ-

ဘာပန်းတွေ ယူလာခဲ့သလဲ။

နောက်ထပ် ဘာစာအုပ်များ လိုချင်ပါသေးသလဲ"

"ဘယ်"၏နောက်တွင် နာမ်ပုဒ်လိုက်သောပုံစံမှာ-

ဦးချစ်မောင် ကောလိပ်က ဘယ်နှစ်က ဆင်းခဲ့ပါသလဲ"

ဘယ်ဂုဏ်ဟာ အကောင်းဆုံးလဲ။ ဘယ်ဂုဏ်ကို အနှစ်ခြိုက်ဆုံးလဲ။ ဘယ်ဂုဏ်ကို ရွေးချယ်ကျင့် နေသလဲ"

"ဘယ်လို"၏နောက်တွင် နာမ်ပုဒ်လိုက်သောပုံစံမှာ-

ကိုကို ဘယ်လိုသဘောရသလဲ။

ဘယ်လို အလုပ်များလဲ ကိုကို။

ဟူ၍တွေ့နိုင်သည်။

မြန်မာဘာသာစကားတွင် ကြိယာအထူးပြုပုဒ်ကိုလည်း မေးမြန်းနိုင်ကြောင်း တွေ့ရသည်။ "ဘယ်လို" ဟူသော အမေးစကား၏နောက်တွင် ကြိယာလိုက်သောပုံစံမှာ-

သာဓက။ ။

ထမင်းကို ဘယ်လိုစားလိုက်တာလဲ။

အဖြေ= ခပ်မြန်မြန်ပဲ စားလိုက်တယ်။

အားရပါးရ စားလိုက်တယ်။

တို့ကနန်းဆိတ်ကနန်း စားလိုက်တယ်။

ဟူသော သာဓကအဖြေဝါကျများ၌ "စားလိုက်တယ်" ဟူသော ကြိယာပုဒ်သည် ဦးဆောင်ဖြစ်၍ "ခပ်မြန်မြန်"၊ "အားရပါးရ"၊ "တို့ကနန်းဆိတ်ကနန်း"တို့သည် အထူးပြုများဖြစ်ကြသည်။ "စားလိုက်တယ်" ဟူသောကြိယာပုဒ်ကို အထူးပြုနေသော ကြိယာအထူးပြုများ ဖြစ်ကြသည်။ ထို့ကြောင့် "ထမင်းကို ဘယ်လို စားလိုက်တာလဲ။" ဟူသောအမေးတွင် "ဘယ်လို"သည် ကြိယာအထူးပြုကို မေးသော အမေး စကား ဖြစ်သည်ကို တွေ့ရှိရသည်။

သာဓက။ ။

အပြောစကား ဘယ်လိုရှင်းပြလိုက်လဲ။

အဖြေ = စိတ်ရှည်ရှည်နဲ့ ရှင်းပြလိုက်တယ်။

အရေးစကား ထမင်းကို မည်သို့ စားရမည်နည်း။

အဖြေ = ကြေညက်အောင် ဝါးစားရမည်။

ဟူ၍ တွေ့နိုင်သည်။

ထို့ကြောင့် မြန်မာဘာသာစကားတွင် နာမ်အထူးပြုကို မေးသော အမေးအထူးပြုများရှိသည် သာမက ကြိယာအထူးပြုကို မေးသောအမေးအထူးပြုများလည်း ရှိကြောင်း တွေ့ရှိရ သည်။ "ဘယ်လို" ၏နောက်တွင် ကြိယာလိုက်ခြင်းဖြင့် ကြိယာအထူးပြုကို မေးသောအမေးအထူးပြုဖြစ်နိုင်ကြောင်း တွေ့ရှိရသည်။ ကျန်သောအမေးစကားများ မဖြစ်နိုင်ပေ။

## ၄။ အမေးဝါကျများ၏ ထူးခြားချက်များ

အမေးဝါကျများကို လေ့လာကြည့်ခြင်းဖြင့် အမေးဝါကျများ၏ ထူးခြားချက်များကို တွေ့ရသည်။

ပထမအချက်အဖြစ် "အဘယ်မျှ၊ မည်သည်မျှ၊ အဘယ်သူမျှ၊ မည်သူမျှ"ဟူသော အမေးစကား တို့ကို အငြင်းပြ"မ"ပါကြိယာနှင့် တွဲသုံးလျှင် မေးခွန်း မဟုတ်တော့ချေ။

သာဓက။ ။ အရေးစကားတွင် တွေ့ရသောပုံစံများမှာ

အဘယ်ကိုမျှ အလိုမရှိဘူး။

မည်သည်ကိုမျှ အလိုမရှိဘူး။

မည်သည့်စာအုပ်ကိုမျှ အလိုမရှိဘူး။

ထိုဝါကျများကို ဟုတ်/မဟုတ်မေးခွန်းတွင်သုံးသော ဝါကျအဆုံးသတ်အမေးပစ္စည်း"လား/လော" တို့ ထည့်လျှင် အမေးဝါကျဖြစ်လာသည်။

သာဓက။ ။

အဘယ်ကိုမျှ အလိုမရှိဘူးလား။

အဘယ်ကိုမျှ အလိုမရှိဘူးလော။

မည်သည်ကိုမျှ အလိုမရှိဘူးလား။

မည်သည်ကိုမျှ အလိုမရှိဘူးလော။

မည်သည့်စာအုပ်ကိုမျှ အလိုမရှိဘူးလား။

မည်သည့်စာအုပ်ကိုမျှ အလိုမရှိဘူးလော။

ဟူ၍ တွေ့ရသည်။

ထို့ပြင် အပြောစကားတွင် "ဘယ်၊ ဘာ" အမေးစကားတို့၏နောက်တွင် "မှ" နောက်လိုက်ပစ္စည်း ပါသော အငြင်းဝါကျသည် အမေးဝါကျမဟုတ်ပေ။ ထိုဝါကျကို မေးခွန်း ပုံစံပြောင်းလိုသော် "လား" ဝါကျအဆုံးသတ်အမေးပစ္စည်း လိုက်ရသည်။

သာဓက။ ။

ဘယ်ကမှ မလာဘူး။

ဘာကိုမှ မထိရဘူး။

ထိုဝါကျများကို အမေးဝါကျအဖြစ်ပြောင်းလိုသော် "လား" အမေးပစ္စည်းလိုက်၍ အမေးဝါကျ အဖြစ်ပြောင်းနိုင်သည်။

ဘယ်ကမှ မလာဘူးလား။

ဘာကိုမှ မထိရဘူးလား။

ဟူ၍တွေ့ရသည်။

ထို့ကြောင့် ဖော်ပြခဲ့သော ဝါကျပုံစံ(၂)မျိုးမှ လွဲ၍ အခြားသော အမေးစကားမေးခွန်း တို့တွင် ဝါကျအဆုံး၌ "နည်း၊ လဲ၊ တုန်း" တို့သာဖြစ်နိုင်သည်။

ဒုတိယအချက်အဖြစ် အမေးစကားတို့၏နောက်တွင် "မဆို" ဟူသော စကားလုံးကိုထည့်ခြင်းဖြင့် အမေးဝါကျမဟုတ်တော့ကြောင်းတွေ့ရှိရသည်။

သာဓက။ ။ မည်သူမဆို စစ်ဆေးမေးမြန်းခြင်း ခံရမည်။

ဘာကိစ္စမဆို တိုင်ပင်ပါ။

ဟူသောသာဓကဝါကျတွင်"မဆို"သည်

လူ၊အဖြစ်အပျက်၊အကြောင်းအရာကိုတိကျသေချာစွာမဖော်ပြပေ။

တတိယအချက်အဖြစ် အမေးစကားမေးခွန်းတို့သည် မေးလိုသောအကြောင်းအရာကို မေးမြန်းခြင်းဖြစ်သည်။ အမေးဝါကျတွင် အမေးစကားများသည် အဓိကဖြစ်ပြီး မပါမဖြစ်ပါရသည်။ သို့ရာတွင် အမေးစကားမပါသော်လည်း အမေးသဘောကို ဖော်ပြနိုင်သော ပစ္စည်းများရှိသည်ကို တွေ့ရသည်။ ထိုပစ္စည်းများမှာ "ကော နှင့် ရော" တို့ဖြစ်သည်။

သာဓက။ ။ အမေကော။

အမေရော။

ထိုသာဓကဝါကျများတွင် အမေးစကားများမပါသော်လည်း အမေးသဘောကို ဖော်ပြနိုင်ကြောင်း တွေ့ရသည်။ ထိုအမေးကို နာသူသည် အခြေအနေအဆက်အစပ်အရ အနက်ကောက်ပြီးပြန် ဖြေရသည်။ အပြင်ကပြန်လာသောသားတစ်ယောက်က အမေဖြစ်သူကို မမြင်တဲ့အခြေအနေမှာ မေးမြန်းသောအမေးဖြစ်ပါက "ဘယ်မှာလဲ။ ဘာလုပ်နေလဲ" ဟူသောအမေးသဘောများကို နာသူက အနက်ကောက်ပြီး ပြန်ဖြေရသည်။

အနက်ခွခြင်းကို မဖြစ်စေရန်အတွက် ပြောသူကအမေးစကားမပါသောမေးခွန်း၏ နောက်တွင် အမေးစကားပါသော အမေးဝါကျကို ထပ်၍ဖော်ပြပြီးမေးလေ့ရှိသည်။

သာဓက။ ။အမေရော/ကော၊ ဘယ်သွားလဲ။

အမေရော/ကော၊ ပြန်ရောက်ပြီလား။

အမေရော/ကော၊ စားပြီးပြီလား။

သာဓကဝါကျများတွင် "ကော နှင့် ရော"တို့ကိုဖလှယ်၍ အသုံးပြုနိုင်သည်ကို တွေ့ရသည်။

ထို့ပြင် ဝါကျရှေ့နောက်အဆက်အစပ်အရ အမေးစကားများမပါဘဲ မေးမြန်းနိုင်သည်ကို တွေ့ရသည်။

သာဓက။ ။ငါရုပ်ရှင်သွားကြည့်မယ်။ မင်းရော။

ဟူသော သာဓကဝါကျတွင် နာသူအား "လိုက်မလား" ဟုမေးမြန်းခြင်းဖြစ်သည်။

စတုတ္ထအချက်အဖြစ် မြန်မာဘာသာစကားရှိ အမေးဝါကျများကို လေ့လာကြည့်သောအခါ အချို့သောအမေးဝါကျတို့သည် အမေးဝါကျပုံစံဖြစ်နေသော်လည်း စကားတာဝန်မှာ အမေးသဘော မဟုတ်ပေ။

သာဓက။ ။ Aircon လေးပိတ်ပေးပါလား။

ဟူသောဝါကျသည် အမေးဝါကျပုံစံဖြစ်သည်။ နာသူထံမှ အကြောင်းအရာအချက်အလက်ကို သိလို၍ မေးမြန်းခြင်းမဟုတ်ပေ။ ထိုဝါကျ၏အဓိပ္ပာယ်မှာ နာသူအား Aircon ပိတ်ရန်စေခိုင်းခြင်းဖြစ်သည်။

ပန်ကာပိတ်ပေးလို့မရဘူးလား။

ဟူသောဝါကျတွင်လည်း အမေးသဘောမဟုတ်ပေ။ ထိုဝါကျ၏အဓိပ္ပာယ်မှာ နာသူအား ပန်ကာပိတ်ပေးရန်တောင်းဆိုခြင်းဖြစ်သည်။

ဒီနေရာမှာရပ်ရင် ဘယ်လောက်ပေးရမလဲ။

ဆင်းလာခဲ့ပါလား။

မှောင်နေရင် တံခါးဖွင့်လိုက်ပါလား။

ပါးစပ်ပိတ်ထားလို့မရဘူးလား။

သာဓက။ ။ “ဘယ်လောက်လှသလဲ။”

ဟူသောဝါကျသည်လည်း အမေးမဟုတ်ပေ။ သိပ်လှကြောင်းကို ဖော်ပြသောအဓိပ္ပာယ်ဖြစ်သည်။

“မင်းက ဘာထင်လို့လဲ။ သေချင်လို့လား”

ဟူသောဝါကျတွင် မေးမြန်းခြင်းမဟုတ်ပေ။ ခြိမ်းခြောက်ပြောသော မကျေနပ်သော အဓိပ္ပာယ်များ ဖြစ်သည်။ထိုဝါကျများသည် ဝါကျပုံစံအရ အမေးဝါကျများဖြစ်နေသော်လည်း၊ ပြောသောအဓိပ္ပာယ်မှာ အမိန့်ပေးသော၊ စေခိုင်းသော၊ တောင်းဆိုသောအဓိပ္ပာယ်များဖြစ်နေသည်။ ဘာသာစကားတိုင်းတွင် ဖော်ပြဝါကျ၊ အမေးဝါကျ၊ တိုက်တွန်းဝါကျ၊ ဆန္ဒဖော်ဝါကျတို့ရှိရာ အမေးဝါကျတို့သည် အမေးသဘောကို

အမြဲမဖော်ပြဘဲ အမိန့်ပေးသော၊ စေခိုင်းသော၊ တောင်းဆိုသော သဘောထားများကို ဖော်ပြနိုင်သော သဘောသဘာဝ ရှိသည်ကို တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာဘာသာစကားရှိ အမေးဝါကျများသည် နာသူကပြန်ဖြေသောအဖြေပေါ်တွင်မူတည်၍ အမေးဝါကျ များကို အခြေခံအားဖြင့်(၂)မျိုး ခွဲခြားနိုင်သည်ကို တွေ့ရှိရသည်။ အခြေခံအမေးဝါကျ ပုံစံ(၂)မျိုးမှာ ဟုတ်/မဟုတ်မေးခွန်းနှင့် အမေးစကားမေးခွန်းတို့ဖြစ်ကြသည်။

အမေးဝါကျတို့တွင် အမေးသဘောဖြစ်စေရန် အမေးစကားတို့သည် အဓိကသော့ချက် အနေဖြင့် ပါဝင်ရကြောင်း တွေ့ရှိရသည်။ မြန်မာဘာသာစကားတွင် အမေးစကားများကို ဝါကျတွင်းနေရာအရ ဝါကျအစ(သို့)အလယ်တွင်တွေ့ရသော အမေးစကားနှင့် ဝါကျအဆုံးတွင် တွေ့ရသောအမေးပစ္စည်းများ ဟူ၍ (၂)မျိုးရှိကြောင်း လေ့လာသိရှိရသည်။

ဟုတ်/မဟုတ်မေးခွန်းအတွင် ဝါကျအဆုံးသတ်အမေးပစ္စည်းအဖြစ် "လား နှင့် လော"ကို အသုံးပြု ကြောင်း တွေ့ရှိရသည်။ အခြားဝါကျအဆုံးသတ်ပစ္စည်းများ ဖြစ်သော "နည်း၊ လဲ၊ တုံး"တို့ မဖြစ်နိုင် ကြောင်း တွေ့ရှိရသည်။

အမေးစကားမေးခွန်းတွင် ဝါကျအစ(သို့) အလယ်တွင် တွေ့ရသောအမေးစကားများ ပါဝင်ရပြီး ဝါကျအဆုံးတွင်လည်း ဝါကျအဆုံးသတ်အမေးပစ္စည်းတို့ပါဝင်ရသည်။ ဝါကျအဆုံး၌ "နည်း၊ လည်း၊ တုံး" ဟူသောပစ္စည်းများသာဖြစ်နိုင်သည်။ အမေးစကားမေးခွန်းတွင် အမေးစကားများသည် ပဓာနကျကြောင်း တွေ့ရှိရသည်။ အမေးစကားမေးခွန်းတွင် "ဘာ၊ ဘယ်၊ မည်"ဟူသောအမေးစကားများသည် အရင်းခံ ဖြစ်ပြီး၊ ထိုအမေးစကားတို့၏နောက်တွင် "ပစ္စည်းစကားလုံး၊ နာမ်စကားလုံး၊ ကြိယာစကားလုံး"တို့ လိုက် ခြင်းဖြင့် မေးလိုသောအကြောင်းအရာ ကွဲပြားသွားကြောင်းတွေ့ရပြီး၊ ထိုသို့အကြောင်းအရာ ကွဲပြားမှု ပေါ်အခြေခံ၍ အမေးစကားမေးခွန်းများကို အချိန်ပြအမေး၊ နေရာပြအမေး၊ အကြောင်းအရာ၊ အခြေ အနေပြ /ပြုမူဆောင်ရွက်ပုံပြအမေး၊ လူပုဂ္ဂိုလ်အမေး၊ အကြောင်းပြအမေး၊ ပမာဏပြအမေး၊ အရေ အတွက်ပြအမေး ဟူ၍ အမျိုးအစား(၇)မျိုးခွဲခြားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

အမေးစကားတို့၏နောက်တွင် လိုက်နိုင်သောစကားလုံးအမျိုးအစားများကြောင့် အမေးစကား တို့၏ သဒ္ဒါတာဝန်ပြောင်းလဲသွားကြောင်း တွေ့ရသည်။ အမေးစကားတို့၏နောက်တွင် ပစ္စည်းစကားလုံး များ၊ ကြိယာစကားလုံးများလိုက်ခြင်းဖြင့် အမေးနာမ်စားတာဝန်ကို ထမ်းဆောင်ပြီး၊ နာမ်စကားလုံးများ လိုက်ခြင်းဖြင့် နာမ်အထူးပြုကိုမေးသော အမေးအထူးပြုတာဝန်ကို ထမ်းဆောင်ကြောင်း လေ့လာတွေ့ရှိရ သည်။ "ဘယ်လို" ၏နောက်တွင် ကြိယာစကားလုံးလိုက်ခြင်းဖြင့် ကြိယာအထူးပြုကိုမေးသော အမေး အထူးပြုတာဝန်ကို ထမ်းဆောင်ကြောင်း လေ့လာတွေ့ရှိရသည်။

အမေးဝါကျ၏ ထူးခြားချက်များအဖြစ် အမေးစကား၏နောက်တွင် "မျှ"နှင့် "မှ"ပါသော အငြင်းပြ ဝါကျများသည် အမေးဝါကျများမဟုတ်ကြပေ။ ထိုဝါကျများကို အမေးဝါကျအဖြစ် ဖော်ပြလိုသော် ဝါကျ

အဆုံးသတ်အမေးပစ္စည်း "လား နှင့် လော"တို့လိုက်ရသည်။ "မျှ"ကို အရေးစကားတွင်သုံးပြီး "မှ"ကို အပြောစကားအတွက်သုံးသည်ကို တွေ့ရသည်။ ထို့ပြင် "မဆို" ဟူသောစကားလုံးကို အမေးစကား၏ နောက်တွင် အသုံးပြုခြင်းဖြင့် အမေးဝါကျမဟုတ်တော့ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာဘာသာ စကားတွင် အမေးစကားများမပါသော်လည်း အမေးသဘောကို ဖော်ပြနိုင်သောပစ္စည်းများရှိကြောင်း တွေ့ရှိရသည်။ ထိုပစ္စည်းတို့မှာ "ကော နှင့် ရော"တို့ဖြစ်ကြသည်။ ထို့ပြင် ပြောသူသည် အနက်ခွခြင်းကို မဖြစ်စေရန် "ကော နှင့် ရော" ပါသောဝါကျနောက်တွင် အမေးစကားပါသော မေးခွန်းကို ထပ်၍ဖော်ပြ လေ့ရှိကြောင်း တွေ့ရှိရသည်။ အမေးဝါကျပုံသဏ္ဌာန် ဖြစ်နေသော်လည်း အမေးသဘောကို မဖော်ပြဘဲ အမိန့်ပေးသော၊ စေခိုင်းသော၊ တောင်းဆိုသော သဘောထားအဓိပ္ပာယ်များကို ဖော်ပြနိုင်ကြောင်း လေ့လာ သိရှိရသည်။

ထိုသို့တွေ့ရှိချက်များအရ မြန်မာဘာသာစကားရှိ အမေးဝါကျများတွင် အမေးစကားများသည် အဓိကအရေးပါသော စကားလုံးများဖြစ်သည်။ အမေးစကားများကို ဝါကျတွင် အသုံးပြုပုံ နှင့် နေရာအရ ဝါကျအစ(သို့) အလယ်တွင် တွေ့ရသောအမေးစကားနှင့် ဝါကျအဆုံးတွင် တွေ့ရသော အမေးပစ္စည်းဟူ၍ (၂)မျိုးခွဲခြားနိုင်သည်။ အမေးစကားတို့၏ နောက်တွင်လိုက်သော စကားလုံးကွာခြားမှုကြောင့် အမေး စကားအမျိုးအစားများ ခွဲခြားနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ပြင် အမေးစကားတို့၏ နောက်တွင် လိုက်သော စကားလုံးအမျိုးအစား ပြောင်းလဲမှုကြောင့် အမေးစကားတို့၏ သဒ္ဒါတာဝန် ပြောင်းလဲသွားပြီး အမေးနာမ်စား၊ အမေးအထူးပြုဟူ၍ ခွဲခြားနိုင်သည်။ မြန်မာဘာသာစကားတွင် အမေးစကားများမပါဘဲ အမေးသဘောကို ဖော်ပြနိုင်သကဲ့သို့၊ အမေးဝါကျပုံသဏ္ဌာန်ဖြစ်နေသော်လည်း အမေးသဘောမဟုတ်ဘဲ စေခိုင်းသော၊ တိုက်တွန်းသော၊ တောင်းဆိုသောသဘောထားများကို ဖော်ပြနိုင်ကြောင်း လေ့လာသိရှိရပါ သည်။

## နိဂုံး

ဘာသာစကားဖြင့် ပြောဆိုဆက်သွယ်ရာတွင် အကြောင်းအရာအချက်အလက်များကိုဖြန့်ဝေခြင်း လက်ခံခြင်းတို့ကို မဖြစ်မနေပြုကြရသည်။ အခြားသူထံမှ သတင်းအချက်အလက် အကြောင်းအရာတို့ကို သိလိုသောအခါတွင် မေးခွန်းမေးမြန်းလေ့ရှိသည်။ ထို့ကြောင့် ဘာသာစကားတွင် အမေးဝါကျများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရသည်။ မြန်မာဘာသာစကားရှိ အမေးဝါကျများကို လေ့လာခြင်းသည် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများကို ဖော်ထုတ်ခြင်းပင်ဖြစ်ပါသည်။

## ကိုးကားချက်များ

The Largest unit of grammatical organization within which part of speech (e.g, nouns,verbs, adverbs) and grammatical classes (e.g, word, phrase, clause) are said to function.

LONGMAN Dictionary of Language Teaching and Appilied Linguistics (2010) Page-522

Class of sentences in which the hearer is requested to give information about something.

Routledge Dictionary of Language and Linguistics. (1996) page-238

Whose primary role is in asking questions as distinguished from the declarative. And interrogative particle or interrogative inflection is one which marks an interrogative.

Oxford concise Dictionary of Linguistics. (1997) page-184

a word which may replace a noun or noun phrase.

LONGMAN Dictionary of Language Teaching and Appilied Linguistics (2010) page-468

## ကျမ်းကိုးစားရင်း


### မြန်မာဘာသာ

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၉)။ ***ဘာသာဗေဒဝေါဟာရများ*** ။ ရန်ကုန်၊ ဒေါင်းစာပေ။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ပီမိုးနင်း ။ (၂၀၁၂)။ ***နေညိုညို*** (ပဥ္စမအကြိမ်) ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မမလေး၊ ဂျာနယ်ကျော်။ (၂၀၁၆)။ ***သူလိုလူ*** (ကောဒသမအကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို စာပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၃)။ ***မြန်မာသဒ္ဒါ*** ။ ရန်ကုန်။ တက္ကသိုလ်များပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး ။ (၁၉၅၅)။ ***အလယ်တန်းမြန်မာသဒ္ဒါ*** ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး ။ (၁၉၆၃)။ ***မြန်မာသဒ္ဒါနှင့်အသုံးအနှုန်း*** ၊ (တ-ကြိမ်)။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

### အင်္ဂလိပ်ဘာသာ

Jenny, Mathias & San San Hnin Tun. (26). ***Burmese A Comprehensive Grammar***. London. Archiv Orientalni.

***LONGMAN Dictionary of Language Teaching and Appilied Linguistics***, 4th ed. (2010). Great Britain.

Okell, John & Anna Allot. (2001). ***Burmese/ Myanmar Dictionnary of Grammatical Forms***. Richmond: Cuzon press.

***Oxford concise Dictionary of Linguistics***. (1997). New York, Oxford University Press.

***Routledge Dictionary of Language and Linguistics***. (1996). New York, Routledge.


## အတိုကောက်အညွှန်း

| | | |
|---|---|---|
| N/Phr | = | Noun Phrase |
| V/ Phr | = | Verb Phrase |
| Integt S-F Ptcl | = | interrogative sentence-final Particle |
| Integt Ptcl | = | interrogative particle |